ကြျူဝပ်ကျေးရွာ

အောင်လံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

(၂၀၂၀-၂၀၂၁)ခုဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြျူဝပ်ကျေးရွာ၊ အောင်လံမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ

## မာတိကာ


၁။ စကားချီး ၃

၂။ ကြူဝပ်ကျေးရွာသယံဇာတပြမြေပုံ၊အောင်လံမြို့နယ် ၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၅။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇

၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၈

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

၈။ ပညာရေး ၁၀

၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၀

၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

၁၁။ ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၂

၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ ၁၂

## နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) – ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း ၁၂

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂

နောက်ဆက်တွဲ (၃) – ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၇၀

နောက်ဆက်တွဲ (၄) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁) ၇၂

နောက်ဆက်တွဲ (၅) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂) ၇၄

နောက်ဆက်တွဲ (၆) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃) ၇၆

## ၁။ စကားချီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၀/၂၁ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကြူဝပ် ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ပထမဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုး ပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြ၍ စနစ်တကျ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ယခုအခါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင် အထည်ဖော်ဆောင်ရွကချိန်တွင် လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက် နည်းကို အသုံးပြု၍ ကျေးရွာအတွင်း ဦးတည်အုပ်စုဖွဲ့၍ ဆွေးနွေးသည့်နည်းလမ်းအား ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ၏ ပံ့ပိုးမှုဖြင့် ကျေးရွာသူ/ကျေးရွာသားများ တိုင်ပင် ဆွေး နွေး၍ ကျေးရွာ၏လက်ရှိအခြေအနေနှင့် ကျေးရွာလိုအပ်ချက်များကို ညှိနှိုင်း အဖြေရှာခဲ့ကြ ပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤ စီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်

များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေ ကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များနှင့် အလှူရှင်များအားတို့၏ ပံ့ပိုးမှုများဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြူဝပ်ကျေးရွာ

အောင်လံမြို့နယ်

နိုဝင်ဘာလ ၊ ၂၀၂၁ ခုနှစ်။

# ကြျူပင်ကျေးရွာ သယံဇာတပြမြေပုံ



## ၃။ တည်နေရာနှင့် ပထဝီအနေအထား

ကြူဝပ်ကျေးရွာသည် တလုပ်ပင်အုပ်စုတွင်ပါဝင်ပြီး အောင်လံမြို့၏ အရှေ့ဘက် (၃၅) မိုင်ခန့်အကွာတွင်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် တလုပ်ပင်ကျေးရွာ၊ အနောက်ဘက်နှင့် တောင်ဘက်တွင်တုံးကြို့ကျေးရွာ နှင့် အရှေ့ဘက်တွင် ရိုးမကို စီးဆင်းသောဘွတ်ကြီး ချောင်းရှိပါသည်။ရွာ၏မျက်နှာအသွင်ပြင်အနေထားမှာ ပဲခူးရိုးမသို့ စီးဆင်းသွားသော တောင်တန်းများမှာတဖြည်းဖြည်း နိမ့်ဆင်းလာသော အခြေအနေများကြောင့် ညီညာပြန့်ပြူး မှု နည်းပါးပါသည်။စိုက်ပျိုးမြေအဖြင့်အသုံးပြုပါသည်။ ကျေးရွာတွင်နေထိုင်သော လူမျိုးများ ဖြစ်ပြီး ဗုဒ္ဓဘာသာနှင့်မိရိုး ဖလာနတ်ကိုးကွယ် မှုများရှိကြသည်။ စုစုပေါင်း အိမ်ခြေ(၁၂၀) ရှိပြီး တောတောင်မြေယာ များကိုအမှီပြု၍ စိုက်ပျိုးရေး လုပ်ကိုင် စား သောက် ကြပါသည်။ ကျေးရွာတွင်မြေပြန့်များဖြစ်သည့် အတွက်ရွာ၏အနီးတွင်လယ်ယာမြေများဖြင့်သောကြောင့် စိမ့်လန်းစိုပြေပါသည်။ ကျေးရွာတွင် သီနှံများစိုက်ပျိုးနိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများ လည်လုပ်ကိုင်ကြပါသည်။ ကျွန်ုပ်တို့ကျေးရွာမှာ အပူပိုင်းဒေသတွင် တည်ရှိသည့် နွေရာသီ တွင် အလွန်ပူပြီး ဆောင်းရာသီတွင်လည်း အရမ်းအေးပါသည်။ မြေမျက်နှာပြင်မှာ အချို့ နေရာ များတွင် မြေညီဖြစ်၍ အချို့နေရာများတွင် ကုန်းမြင့်များကိုညှိ၍ နေထိုင်ကြပါသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံမှာ မိုးစပါး၊ပဲအမျိုးမျိုး၊ နှမ်း၊ ဘိုတိတ်၊ပြောင်း၊ဝါတို့ကို စိုက်ပျိုး ကြပါသည်။ရွာဘေး၌စီးဆင်းနေသောဘွတ်ကြီးချောင်းနံဘေး တစ်ဝိုက်တွင် ပဲအမျိုးမျိုးနှင့် ဘိုကိတ်တို့ကိုစိုက်ပျိုးကြပါသည်။ မိုးစပါးကို မိုးရွာသွန်းများသော နှစ်များ၌အထွက်နှုန်း ကောင်းမွန်စွာရရှိပါသည်။ နိုင်ငံတော်မှစိုက်ပျိုးရေးအတွက် ဆည်တာတမံ များဆောက် လုပ်မှုကြောင့် ဘွတ်ကြီးချောင်းနံဘေးရှိယာကွက်နှင့်ကိုင်းသီးနှံအကွက်များမှာမိုးရာသီ၌ရေ ကြီးမှုနှင့်ကြုံတွေ့ပါသည်။ စိုက်ပျိုးရေးလုပ်ကိုင်ရာတွင်နွားကိုသာအမှီပြု၍ထွန်ယက်စိုက်ပျိုး ကြသည်။စက်ပစ္စည်းသုံးစွဲမှုအနည်းငယ်သာရှိပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

အောင်လံမြို့နယ်၊ တလုပ်ပင်ကျေးရွာအုပ်စု၊ ကြူဝပ်ကျေးရွာ၏ ရာသီဥတု မှာ အမြဲတမ်းမှန်ကန်နေသည် မဟုတ်သော်လည်း တစ်ခါတစ်ရံ ဖောက်ပြန်တတ်ပါသည်။ အောင်လံမြို့နယ်အတွင်းရှိ အခြားကျေးရွာများနှင့် နှိုင်းယှဉ်မည်ဆိုပါက ပဲခူးရိုးမအနီးတွင် တည်ရှိသည့်အတွက် သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်ရန် အတွက် မြေဆီလွှာများ မှာလည်း သူ့နေရာနှင့်သူ စိုက်ပျိုးရန် သင့်တော်ပါသည်။ ချောင်းများတွင် ငါးဖမ်းခြင်းလုပ်ငန်းများကိုလည်း တစ်ခါတစ်ရံ လုပ်ကိုင်ကြပါသည်။ ရာသီ အလိုက် သီးပင်စားပင်များပေါများသောကြောင့် ရွာ၏စားဝတ်နေရေးမှာ ကျေးရွာအတွက်

လုံလောက်သည့်အတွက် ပိုလျှံသည့် ဒေသထွက်ကုန်များအား တင်ပို့ရောင်းချနိုင်သည့် အထိ အဆင်ပြေပါသည်။ သဘာဝအရင်းအမြစ်များ ပေါများသောကြောင့် သစ်တောများ မပြုန်းတီးရေးအတွက် ကျေးရွာသူ/ကျေးရွာသား အားလုံး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများအားလည်း ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ကြရန် ရည်မှန်းထားဖြစ်ပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်း အုပ်ချုပ်ရေးအတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ရပ်မိရပ်ဖအဖွဲ့များဖြစ်ပြီး ကျေးရွာအတွင်း သာရေး/နာရေး/ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာလူငယ်အဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့များမှ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်ကျေးရွာရှိ စာသင်ကျောင်းအတွက် လိုအပ်သည်များ ကူညီထောက်ပံ့နိုင်ရန်အတွက် ကျောင်းကော်မတီအဖွဲ့ကိုလည်းဖွဲ့စည်းထားပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်ချေးငွေရရှိနိုင်ရန်အတွက် စိုက်ဘဏ်ကော်မတီအဖွဲ့ကိုလည်းဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့မှ စိုက်ပျိုးရေးဘဏ်နှင့်ချိတ်ဆက်၍ ချေးငွေအကူအညီရရှိနိုင်ရေး ဆောင်ရွက်ပေးပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ သာရေး/နာရေး/ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများဆောင် ရွက်ရာတွင်ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်မြန်မာအဖွဲ့၊ မြန်မာ့စိုက်ပျိုးရေးဘဏ်များနှင့် ချိတ်ဆက်၍ ငွေကြေးဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်လျက် ရှိပါသည်။ ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။ ယဉ်ကျေးမှု အနုပညာများဖော်ထုတ်ရာတွင် ကျေးရွာလူငယ်အဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေး အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ပြီး ကျေးရွာ၏ အခါကြီးရက်ကြီးများတွင် သာယာပျော်ရွှင်ဖွယ် ကောင်းအောင်ဧည့်ခံဖျော်ဖြေမှုများလည်းရှိပါသည်။ ဘာသာရေးအားကောင်းသော ကျေးရွာဖြစ်ပြီး လပြည့်လကွယ် ဥပုဒ်နေ့၊ အခါကြီး ရက်ကြီးများတွင် အမျိုးသမီးဝတ်အသင်းအဖွဲ့မှ ပရိတ်ရွက်ဖတ်ပူဇော်ကြပါသည်။ ယခုအခါတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီကို ကျေးရွာသူ/သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် လူမှုရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကျေးရွာမှဖွဲ့စည်းထားသော အဖွဲ့အစည်းများရှိသော်လည်း စည်းစနစ်မရှိပါ။ ယခုအခါ ဌာန၏ လမ်းညွှန်မှုနှင့် လုပ်ဆောင်ရမည့်အချက်အလက်များအား သင်တန်းပို့ချပေးမှုကြောင့် အများနှင့် သက်ဆိုင်သောကိစ္စရပ်များ ဆောင်ရွက်ရာတွင် မည်သို့မည်ပုံဆောင်ရွက်ရမည်ကို သိရှိရပါသည်။

## ၆။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သော ကျေးရွာဖြစ်ပြီးလယ်(၂၂၀)ကေ၊ယာ(၁၅၈၀)ကေ၊စားကျက်မြေ(၃၀)နှင့်မြေလွတ်မြေလပ်(၂၀) စုစုပေါင်း(၁၈၅၀)ကေရှိပါသည်။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေမှာ အလယ်အလတ်တွင်သာရှိပြီး သီးနှံထုတ်လုပ်ရေးမှာလည်း အသင့်အတင့်သာရှိပါသည်။ အဓိကစိုက်ပျိုးသော သီးနှံများမှာ ပဲအမျိုးမျိုး၊ နှမ်းနှင့် မြေပဲ၊ဘိုတိတ်၊ပြောင်း၊ဝါ ၊တို့ကိုအဓိကစိုက်ပျိုးကြပါသည်။ ၎င်းသီးနှံများကို စိုက်ပျိုးရာတွင် ရာသီဥတုကိုလိုက်၍ စိုက်ပျိုးလုပ်ကိုင်ရပါသည်။ စိုက်ပျိုးရေးသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာလည်းနည်းပါးပါသည်။ သီးနှံအထွက်နှုန်းတိုးစေရန်အတွက် သဘာဝမြေသြဇာများနှင့် ဓါတုပိုးသတ်ဆေးများမှာ ကျေးရွာတွင် ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ လုပ်သားရရှိနိုင်မှုမှာလည်း ကျေးရွာအလိုက်လုပ်သားရရှိနိုင်သော်လည်း သီးနှံများရိတ်သိမ်းချိန်တွင် လုပ်သားလိုအပ်မှုနှုန်းနှင့် လုပ်သားရရှိနိုင်မှုနှုန်း ညီမျှမှုမရှိသဖြင့် လုပ်သားလိုအပ်ချိန်တွင် အလွယ်တကူ မရရှိနိုင်ပေ။ သီးနံဈေးကွက်မှာလည်း သီးနှံများရောင်းချချိန်တွင် ဈေးနှုန်းမတည်ငြိမ်မှုများကြောင့် သိုလှောင်ထားနိုင်သည့် တောင်သူများသာ အဆင်ပြေကြပြီး မသိုလှောင်နိုင်သောတောင်သူများမှာ ရရှိသောဈေးနှုန်းဖြင့်သာ ရောင်းချ ရသောကြောင့် မှန်းချက်နှင့် နှမ်းထွက်ကိုက်ညီမှုမရှိပေ။

ကျေးရွာသူ/ ရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာခနဲ အဆင့်ခွဲခြားမှုနည်းလမ်း အရ ကျွန်ုပ်တို့ကျေးရွာ လူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စု(၁၅)စုသည် မြေယာမဲ့များဖြစ်ကြပြီး ဆင်းရဲသည်ဟုခံယူကြပါသည်။ ဆင်းရဲသည်ဟုသတ်မှတ်ထားသူများသည် မြေယာမဲ့နှင့် စိုက်ပျိုးမြေ(၁)ကေမှ(၂.၅)ကေအတွင်း ပိုင် ဆိုင်သူများ၊ ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ အိမ်အခြေအနေမှာ (၃) ပင်အိမ်၊ ထရံကာ၊ သွပ်မိုး အိမ်အမျိုးအစားဖြစ်ပါသည်။ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေ (၂.၅) ကေနှင့် (၅) ကေအတွင်း ပိုင်ဆိုင်သူများနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သောမိသားစုများဖြစ်ကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျွန်ုပ်တို့ကျေးရွာသည် မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ရာတွင် နွား၊ ဆိတ်၊ ကြက်၊ ဝက်များကို တစ်ပိုင်တစ်နိုင် မွေးကြပါသည်။ ထိုသို့မွေးမြူထားသောကြောင့် ကျွန်ုပ်တို့၏ စားဝတ်နေရေးမှာ သက်သာချောင်ချိလှပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် စားကျက်မြေမှာ အသင့်အတင့်သာရှိပြီး မျိုးကောင်းတိရစ္ဆာန်ရရှိမှုမှာလည်း အသင့်အတင့်ရှိပါသည်။

မွေးမြူရေး လုပ်ငန်းကိုတစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြသောကြောင့် စီးပွားရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါသည်။ မွေးမြူရေးနှင့်ပတ်သက်ပြီး တိရစ္ဆာန်များ မျိုးကောင်းမျိုးသန့်ရရှိရေးကိုလည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် နည်းပညာဝန်ဆောင်မှုများကိုလည်း ရရှိသောကြောင့် မွေးမြူရေး လုပ်ငန်းများလုပ်ကိုင် ရာတွင် ကျေးရွာသူ/သားများအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူရရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများရှိသော်လည်း ဝင်ငွေမှာအသင့်အတင့်သာရှိပါသည်။ အသက်မွေးဝမ်းကြောင်း နည်းပညာဆိုင်ရာ အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများလည်း ရရှိနိုင်သည်။ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အသက်မွေးဝမ်းကြောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်မှုအခြေအနေမှာ အသင့်အတင့်သာရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းပညာရပ်များ'ကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြေားဝင်ငွေရလုပ်ငန်းများ အသင့်အတင့်သာရှိသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ဝင်ငွေမှာလည်း နည်းပါးလှပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် အဖွဲ့လိုက်ကာလတို ချေးငွေများလည်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း ပြား (၈၀) ဖြင့် ဇွန် ၊ ဇူလိုင်လများတွင် ငွေထုတ်ချေးပေးသော်လည်း ပုံစံ (၇) တင်ပြနိုင်မှသာ ချေးငွေရရှိသဖြင့် တောင်သူအများစုမှာ ချေးငွေမရရှိခြင်း၊ အခြားအဖွဲ့အစည်းများမှ အတိုးနှုန်းပြား (၈၀)ဖြင့်လည်းကောင်း၊ ရွာတွင်း ငွေချေးပေးသူထံမှ တစ်လလျှင် အတိုး (၄-၅) နှုန်းဖြင့် ချေးငွေရရှိသော်လည်း ပိုင်ဆိုင်သည့် မြေကွက် ၊ အထည်လက်ဝတ်လက်စားရွှေနှင့် သဘောတူစာချုပ်ချုပ်ဆိုရခြင်း ၊ မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ကာလတိုချေးငွေရယူခြင်းများ ရှိပါသည်။

## ၇။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာ၏ ချောင်းဘေးအနီးတွင်နေထိုင်ကြသောကြောင့် ရေကြီးရေလျှံ ခြင်းများကို မကြာခဏ ကြုံတွေ့ရလေ့ရှိပါသည်။ ထို့ကြောင့် ရွာသူ/ရွာသားများသည် သွားလာရေးလွယ်ကူစေရန် သသစ်သားတံတားကို တည်ဆောက်ထားပါသည်။ တည်ဆောက်ထားသော်လည်း ရေကြီးသောနှစ်များတွင် တည်ဆောက်ထားသောတံတားမှာ စီးဆင်းလာ

သောရေများနှင့်အတူ ချောင်းရိုးတစ်လျှောက်မျောပါသွားသည်။ သို့သော်လည်း ကျွန်နုပ်တို့ရွာသူ/ရွာသားများသည် သွားလာရေးခက်ခဲသဖြင့် လူကူရန် တံတားအသေးစားကို စုရုံးလုပ်ကိုင်ထားကြပါသည်။ ကျွန်ုပ်တို့ရွာနှင့် အခြားရွာများသွားလာရေး အဆင်ပြေစေရန် အတွက် လမ်းများကိုလည်း ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားပါသည်။ ယခုအခါ ထိုလမ်းမှာ ရွာသူ/ရွာသားများအတွက်သာမက အခြားကျေးရွာများအတွက်ပါ သွားလာရေး အဆင်ပြေလွယ်ကူနေပါသည်။ သယ်ယူပို့ဆောင်ရေးအတွက်ကား ၊ ဆိုင်ကယ်တို့ကို အဓိက အသုံးပြုကြပါသည်။

## (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်လျှပ်စစ်မီးမရရှိရန်အတွက်အိမ်ထောင်စုများသည်ဆိုလာမီးနှင့်အချို့အိမ်ထောင်စုများမှာ ဒီဇယ်အင်ဂျင်ကိုသာအသုံး ပြုနေကြရပါသည်။

## (ဂ) သတင်းနှင့်ဆက်သွယ်ရေး

သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်းအသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်မှာ လက်လှမ်းမီသော်လည်း သတင်းအချက်အလက်နှင့်နည်းပညာပိုင်းဆိုင်ရာ စနစ်တကျသုံးစွဲနိုင်မှုအခြေအနေမှာ လွန်စွာအားနည်းနေပါသည်။

## ၈။ ပညာရေး

ကျွန်တော်တို့ကျေးရွာတွင် အလယ်တန်းပညာပြီးမြောက်မှုနှုန်းမှာ များစွာရှိပါသည်။ တက္ကသိုလ်ဘွဲ့ရပညာ တက်မြောက်မှုမှာ အနည်းငယ်ခန့်သာရှိပြီး အထက်တန်း အဆင့်နှင့် အလယ်တန်းအဆင့်တွင်(၁၉၆)ဦးခန့်ရှိပါသည်။ ယခုအခါ ပညာရေးစနစ်ကောင်းမွန်လာသောကြောင့် ကျောင်းတက်နှုန်းမှာ မြင့်မားလာပါသည်။ တက္ကသိုလ်ပညာသင်ကြားနေဆဲကျောင်းသား/သူများလည်းရှိပါသည်။ ကျွန်တော်တို့ကျေးရွာ၏ ကျောင်းအဆင့်မှာ အလယ်တန်းအဆင့်သာရှိပြီး ဆရာ/ဆရာမချိုးနှင့် ကျောင်းသားဦးရေအချိုး မှာ အသင့်အတင့် ရှိပါသည်။ မိဘဆရာအသင်း၏ အခန်းကဏ္ဍမှာ အသင့်အတင့်ရှိပါသည်။

## ၉။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာရှိ ကျေးရွာလူထုအနေဖြင့် အဓိကဖြစ်ပွားသည့်ရောဂါများမှာ သွေးတိုး၊ ဆီးချိုရောဂါများဖြစ်ပြီး ထိုရောဂါများကို လူကြီးပိုင်းတွင်သာ တွေ့ရှိရပါသည်။ ကလေးငယ်များမှာလည်း သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပါသည်။ ၎င်းရောဂါများနှင့် မြွေအန္တရာယ်ကျရောက်သည့်အခါများတွင် ဆေးရုံသို့အလွယ်တကူ သွားရောက်ရန် အလှမ်းဝေးသဖြင့် စောင့်ဆိုင်းရင်း အသက်အန္တရာယ်ဆုံးရှုံး သည့်နှစ် များ

လည်းကြုံတွေ့ခဲ့ရပါသည်။ အာဟာရနှင့် ပတ်သက်အသီးအနှံများကို အဓိကထား စားသုံးကြပါသည်။ ကာကွယ်ဆေးထိုးနှံမှုမှာလည်း ကလေးငယ်များတွင်သာ ဖြစ်ပါသည်။ တစ်ချို့သောဆေးဝါးများမှာ စနစ်တကျ သိုလှောင်ထားမှုမရှိသောကြောင့် တာဝန်ကျဆရာမများ နေ့ချင်းပင်ပန်းစွာ ကာကွယ်ဆေးများကို ထိုးနှံပေးရပါသည်။ ထို့ကြောင့် ကျေးရွာဆေးပေးခန်းနှင့်ကျွမ်းကျင် ဆရာ/ဆရာမများ အထူးလိုအပ်ပါသည်။ သောက်သုံးရေသုံးစွဲမှု အနေဖြင့်ရာသီဥတုအလိုက် အလုံအလောက် ရရှိပါသည်။ ယင်လုံအိမ်သာသုံးစွဲမှုများရှိသော်လည်းခြင်၊ ယင်ကာကွယ်ရန် အတွက် ဆေးဝါးများ၊ နည်းပညာများခက်ခဲနေပါသည်။ ကျေးလက်ဆေးပေးခန်းများမှ ခြင်၊ ယင်ကာကွယ်ရန်အတွက် ကာကွယ်ဆေးများထုတ်ပေးသော်လည်းအနည်းငယ်သာရရှိပါသည်။

## ၁၀။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် ကျောက်စရစ်၊ သဲများမှာအသင့်အတင့်ရရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာမှ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများလည်းရှိပါသည်။ ကျေးရွာအနေဖြင့် သဘာဝအရင်း အမြစ်များ ရှားပါးမှုမှာ မြင့်မားလျှက်ရှိပြီး သစ်တောပြုန်းတီးမှုမှာ အလယ်အလတ်တွင်ရှိပါသည်။ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှု ရောဂါများမှာ ကျွန်ုပ်တို့ကျေးရွာအနေဖြင့် မြင့်မားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာအနေဖြင့် တတ်စွမ်းသလောက် စွမ်းဆောင်ရွာတွင်စားနပ်ရိက္ခာမဖူလုံမှု၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း၊ ငှက်ဖျားရောဂါ၊ ကပ်ရောဂါ၊ကူးစက်ရောဂါနှင့် အခြားအခက်အခဲများကို ဆောင်ရွက်ရာတွင် အနိမ့်ဆုံး အဆင့်တွင်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

စိုက်ပျိုးရေးတွင် ရာသီဥတုကိုလိုက်၍ သီးနှံများကို စိုက်ပျိုးကြပါသည်။ တောင်သူများမှာရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးရေ လုံလောက်မှုမရှိခြင်းများ ကြုံတွေ့နေရပြီး စိုက်ပျိုးရေးအသိပညာ ဗဟုသုတနည်းပါးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်း၊ ချေးငွေမလုံလောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့် ဈေးနှုန်းကြီး မြင့်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းမကောင်းခြင်းများလည်း ရှိနေပါသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှင့် ရေကြီးရေလျှံခြင်းများကို နှစ်စဉ်တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းနှင့် ရေကြီးရေလျှံခြင်းတို့ကြောင့် တောင်သူများ၏စိုက်ခင်းများပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးရေးစရိတ် ကြီးမြင့်ခြင်းတို့ကိုခံစားရပါသည်။ လူ ၊တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှားကျ ရောက်မှုရှိပြီး ကြီးမားစွာဖြစ်ပေါ်ခြင်းမရှိပါ။

## ၁၁။ ကျား – မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီ ကိုယ်စားလှယ်အဖြစ် အမျိုးသားများမှာ (၂) ဆရှိပြီး အမျိုးသမီးမှာ (၁) ဆမျှသာ ပါဝင်ဆောင်ရွက်မှု ရှိကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ မှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရပါသည်။ လုပ်အားခ သတ်မှတ်ရာတွင်လည်း ကျား/မ အလိုက် ခွဲခြားသတ်မှတ်ထားခြင်းများလည်း ရှိပါသည်။ အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုမှာ အားနည်းသေးကြောင်း တွေ့ရှိရပါသည်။

## ၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ |
|---|---|---|---|---|---|---|---|---|
| ၁ | လမ်း/တံတား | ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ရေပေးရေး | ကျေးလက်ရေရရှိရေးလုပ်ငန်း | ၂ | | ✓ | ✓ | | |
| ၃ | ဖွံ့ဖြိုးရေး | ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဆေးခန်း | ၃ | | | | ✓ | |
| ၄ | ဖွံ့ဖြိုးရေး | ကျေးရွာတွင်းမီးရရှိရေး | ၄ | | | | | ✓ |
| ၅ | ဖွံ့ဖြိုးရေး | ရွာခြင်းချိတ်လမ်း | ၅ | | | | | ✓ |
| ၆ | ဖွံ့ဖြိုးရေး | ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်း | ၆ | | | | | ✓ |

၁။ ကြူဝပ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | ကျေးရွာ | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကြူဝပ် | ဦးကြည်ဝင်း | ဥက္ကဌ | |
| ၂ | ကြူဝပ် | ဒေါ်ငြိမ်းဝေ | အတွင်းရေးမှူး | |
| ၃ | ကြူဝပ် | ဒေါ်ခင်မာအေး | ဘဏ္ဍာရေးမှူး | |
| ၄ | ကြူဝပ် | ဦးမြင့်နိုင် | ဝယ်/ဆပ်ကော်မတီဥက္ကဌ | |
| ၅ | ကြူဝပ် | ဒေါ်အေးဝင်း | စာရင်းကိုင် | |
| ၆ | ကြူဝပ် | ဦးစံတင် | အဖွဲ့ဝင် | |
| ၇ | ကြူဝပ် | ဦးလှဝေ | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | - | ၄ | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၉ | ၆ | ၁၅ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၁၆ | ၂၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၄ | ၁၁ | ၂၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၇၀ | ၁၇၄ | ၃၄၄ | | |
| ၆၅နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၁၉ | ၃၅ | ၆ | ၉ |
| စုစုပေါင်း | | ၂၂၄ | ၂၂၆ | ၄၅၀ | ၆ | ၉ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၂၄ | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်-** ကျေးရွာတွင်အိမ်ထောင်စု(၁၂၄)ရှိပြီး ယောကျ်ားလေး(၂၂၄)ဦးနှင့် မိန်းကလေး(၂၂၆)ဦးဖြစ်ပြီး ယောက်ကျားလေးဦးရေမှာ မိန်းမကလေးဦးရေထက် အနည်း

ငယ် များပြားပါသည်။မသန်စွမ်းသူများလည်းရှိပါသည်

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးချယ်ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွားလုပ်ငန်းများ<br>လယ်ယာစိုက်ပျိုးရေး** | | | | | | | | |
| ၁ | ကိုယ်ပိုင်လုပ်ငန်း | ၃၇ | ၇၄ | - | ၄၄ | ၃၀ | | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☑ နိမ့်☐ |
| ၂ | **တိရစ္ဆာန်မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၇ | - | ၇ | | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | - | ၂ | | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးချယ်ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | /ဝန်ထမ်း | | | | | | | |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | - | ၁ | - | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား/ဝန်ထမ်း | ၆ | ၆ | - | ၆ | - | | မြင့်☐ လတ်☐ နိမ့်☑ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | - | ၂ | - | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား/ဝန်ထမ်း | ၃ | ၃ | - | ၃ | - | | မြင့်☐ လတ်☐ နိမ့်☑ |
| ၇ | လျှပ်စစ်၊ ဓါတ်ငွေ့နှင့်ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၈ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၈ | ၁၂ | - | ၁၂ | - | | မြင့်☐ လတ်☑ နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးချယ်ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆ | ၆ | - | - | ၆ | | မြင့်☐ လတ်☐ နိမ့်☑ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | လက်လီ-လက်ကားရောင်းဝယ်ရေး | | | | | | | |
| ၁၁ | ကိုယ်ပိုင်လုပ်ငန်း | ၈ | ၁၇ | - | ၉ | ၈ | | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၂ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၂ | ၁၂ | ၁ | ၄ | ၈ | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား | | | | | | | မြင့်☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးချယ်ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | မား /ဝန်ထမ်း | | | | | | | လတ်☐ နိမ့်☐ |
| ၁၄ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၅ | အိမ်ခြံမြေယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | ၁၂ | - | - | ၁၂ | | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား | ၆ | - | - | ၁ | ၅ | | မြင့်☐ လတ်☐ နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးချယ်ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | /ဝန်ထမ်း | | | | | | | |
| | **ကျန်းမာရေး** | | | | | | | |
| ၁၈ | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | ၁ | - | - | - | ၁ | | မြင့်☐ လတ်☐ နိမ့်☑ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | ၁၀ | - | - | ၇ | ၃ | | မြင့်☐ လတ်☐ နိမ့်☑ |
| ၂၀ | **အိမ်များတွင်အငှားလိုက်လုပ်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | × |
| | အလုပ်သမား /ဝန်ထမ်း | ၈၄ | ၁၅၀ | ၂၁ | | ၂၁ | | × |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | ၇ | ၇ | - | ၇ | | | မြင့်☐ လတ်☐ နိမ့်☑ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကြူဝပ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုယ်ပိုင် လုပ်ကိုင်သူ ၃၀%

ရှိပြီ၊လုပ်သားအင်အားစုမှ၅၀%ခန့်ရှိပြီးစီးပွား ရေးရပ်တည်မှု  အသင့်အတင့်မျှသာရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်) | နေ့စား | | | | |
| ၄ | လုပ်ရေးနှင့်သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၇ | ယာဥ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကြူဝပ်ကျေးရွာတွင် လုပ်သမားဝင်ငွေ၏ တစ်နေ့လျှင်၆၀၀၀ကျပ်မှ၃၀၀၀ကျပ်သာဖြစ်ပြီးတစ်နာရီလျှင်၆၀၀ကျပ်မ၃၀၀ကျပ်သာဖြစ်ကြောင်းတွေ့ရပါသည်။

## (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့်အရင်းအမြစ်

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုရွေးပါ) |
|---|---|---|
| လယ်မြေ | ၂၂၀ | ကောင်း☐ သင့်☑ ညံ့☐ |
| ယာမြေ | ၁၅၈၀ | ကောင်း☐ သင့်☑ညံ့☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း☐ သင့်☑ ညံ့☐ |
| အိမ်ခြံဝင်းစိုက်ခင်း | - | ကောင်း☐ သင့်☑ ညံ့☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း☐ သင့်☑ ညံ့☐ |
| စားကျက်မြေ | ၃၀ | ကောင်း☐ သင့်☑ ညံ့☐ |
| ပလပ်မြေ | ၂၀ | ကောင်း☐ သင့်☑ ညံ့☐ |
| သစ်တောမြေ | - | ကောင်း☐ သင့်☑ ညံ့☐ |
| **စုစုပေါင်း** | **၁၈၅၀** | ကောင်း☐ သင့်☑ ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်**။ ။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား ဆည်၊မြစ်ရေတင်၊ စိမ့်စမ်းရေသွယ် မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား။** ကျေးရွာတွင် လယ်မြေဧက (၃၂၀) ဧကနှင့် ယာမြေဧက (၁၇၈၀)ဧက၊ ဥယာဉ်ခြံ(၁၀)ဧက နှင့် စားကျက်မြေ(၅၀)ဧက ၊ပလပ်မြေ (၆၀)ဧကရှိသော်လည်း သီးနှံအထွက်နှုန်းနှင့် ဈေးကွက်မကောင်းမှု တို့ကြောင့် လုပ်ကိုင်သူဦးရေနည်းပါးလာပါသည့်။သဲဖြူများဖြစ်သောကြောင့်စပါးများစိုက်ပျိုး၍မရကြောင့်တွေ့ရပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၅) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓါတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑မရှိ☐ | ✕ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☑ အပြောင်းအလဲမရှိ☐ |
| သစ်တော-အပူပိုင်းသစ်တော | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |
| သစ်တော-ဒီရေတောများ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ကျွန်ုပ်တို့ ကျေးရွာသည် အထက်ဖော်ပြပါအကြောင်းအရာများနှင့် ပတ်သက်၍ လက်လမ်းမမှီပါ။

(၂) သဘာဝအရင်းအမြစ်၊ တိရိစ္ဆာန်မျိုးစိတ်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များလည်းမရှိပါ။ ကျေးရွာ၏ပျမ်းမျှအပူချိန်မှာ ၃၂ဒီဂရီဖာရင်ဟိုက်ခန့်ရှိပါသည်။ျ

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာခနေအဆင့်အခြေအနေ**

ဇယား (၆)ဥစ္စာခနေအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ကေအထက် | (၇-၁၂) ကေကြား | ၅ ကေအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုး အုတ်တိုက် | ပျဉ်ထောင်၊သွပ်မိုး | သွပ်မိုး၊ထရံကား | မြေစိုက် |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | ကားပိုင် | သုံးဘီး | ထော်လာဂျီ | နွားလှည်းနှင့်ပိုင်ဆိုင်မှုမရှိသူ |
| အဓိကစီးပွားရေးလုပ်ငန်း | စိုက်ပျိုးရေး၊ | ကားဆွဲ | ဝန်ထမ်း | လက်လုပ်လက်စား |
| **အိမ်ထောင်စု** | ၁၀ | ၁၄ | ၅၀ | ၅၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။**

(၁) အထက်ပါဇယားသည်ကျေးရွာလူထု၏ပိုင်ဆိုင်မှုနှင့်ဝင်ငွေအပေါ်မူတည်၍ ခွဲခြားထားခြင်းဖြစ်ပါသည်။

(၂) ကျေးရွာအိမ်ထောင်စု (၁၂၄)စုတွင်အဆင်ပြေသော အိမ်ထောင်စု (၁၀)စု၊အလယ်အလယ်ရှိသော အိမ်ထောင်စု(၁၄)စု၊ မပြေလည်သော အိမ်ထောင်စု(၅၀)စု၊ အလွန်မျပြေ လည်သော အိမ်ထောင်စု(၅၀)စုတို့ရှိပါသည်။

(၃) ကျေးရွာအိမ်ထောင်စု၏(၁၂%)သည်အလွန်မပြေလည်သောအိမ်ထောင်စုများဖြစ်ကြသည်။

(၄) ကြူဝပ်ကျေးရွာတွင်အဆင်ပြေသောအိမ်ထောင်စုမှာနည်းပါး၍ အဆင်မပြေသော အိမ် ထောင်စုမှာ အများအပြားရှိပါသည်။

## (င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၁၀၀ | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၁၀၀<br>လုပ်အားခကြိုယူ = ၁၀၀ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၂၄ | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =၂၄<br>လုပ်အားခကြိုယူ =၂၄ |

**ရင်းမြစ်..ဥစ္စာဓနအဆင့်“၃”နှင့်“၄”အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ချက်။ ကြူဝပ်ကျေးရွာတွင် အိမ်ထောင်စုများသည်ဝမ်းစာဖူလုံမှုအသင့်တင့်မရှိသဖြင့်အချို့အိမ်ထောင်စုများသည်ဝမ်းစာဖူလုံမှုအသင့်အတင့်ရှိကြောင်းတွေ့ရပါသည်။

## (၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအန

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွက်အိုဖ၄နှစ်နှင့်အထက် | ၂ | ၁ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု | ၁၀ | ၅ | ၁၅ |

ရင်းမြစ်....ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု

လေ့လာတွေ့ရှိချက်။ ကြျပ်ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများအတွက်အကူညီလိုအပ်နေပါသည်။

## (၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

**ဇယား(၉)ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေး အစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျော့ညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | ✓ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျော့ညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | ✓ | |
| ၄ | ဆူနာမီ | ✓ | | | | ✓ | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | ✓ | |
| ၆ | လေဆင်နှာမောင်း | ✓ | | | | ✓ | |
| ၇ | လျှော် | ✓ | | | | ✓ | |
| ၈ | အပူလှိုင်း | ✓ | | | | ✓ | |
| ၉ | စိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှု | ✓ | | | | ✓ | |
| ၁၀ | အအေးလှိုင်း | ✓ | | | | ✓ | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | ✓ | |
| ၁၂ | မိုးခေါင်ခြင်း | | ✓ | | | | ✓ |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | ✓ | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | ✓ | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | ✓ | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | ✓ | |
| | လူကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု | ✓ | | | | ✓ | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | | ✓ | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | ✓ | |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | ✓ | |
| ၂၂ | တီဘီရောဂါ | ✓ | | | | ✓ | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | ✓ | |
| ၂၄ | ကပ်ရောဂါ | ✓ | | | | ✓ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျော့ညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | ✓ | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | | ✓ | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | ✓ | |
| ၂၈ | ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည့် | ✓ | | | | ✓ | |

**ရင်းမြစ်….ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက်–နိမ့်**

**အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု–လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက်–မြင့်**

လေ့လာတွေ့ရှိချက်။ ။ကြူဝပ်ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက် မှုနည်းပါသည်။

**(င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀)ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျော့ညီထွေဖြစ်စေမည့် အစီအမံ များ | | |
|---|---|---|---|---|---|---|---|
